ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ် (၁၁/၂၀၂၂)

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်

၁။ အကြမ်းဖက်စစ်ကောင်စီသည် (၂၀-၁၀-၂၀၂၂) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ မံယူးကြီးကျေးရွာရှိ ကိုယ်ထူကိုယ်ထ ပြည်သူ့ဆေးရုံကိုလည်းကောင်း၊ (၂၁-၁၀-၂၀၂၂) ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ ကြောင်လည်ကျေးရွာရှိ ပြည်သူ့ဆေးရုံ၊ ဝန်ထမ်းအိမ်ရာနှင့် ခန်းမတို့ကိုလည်းကောင်း တိုက်ပွဲဖြစ်ပွားမှု မရှိဘဲ တိုက်လေယာဉ်များဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား၍ ဗုံးကြဲ၊ ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

၂။ အကြမ်းဖက်စစ်ကောင်စီ၏ လေယာဉ်ဖြင့် ဗုံးကြဲ၊ ပစ်ခတ် တိုက်ခိုက်မှုများကြောင့် မံယူးကြီးကျေးရွာတွင် ကိုယ်ထူကိုယ်ထ ပြည်သူ့ဆေးရုံတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးဆုံးရှုံးခဲ့ရုံမျှမက အပြစ်မဲ့ပြည်သူ ဒေါ်ခင်မာချို၊ အသက် (၄၅) နှစ် အသက်ဆုံးရှုံးခဲ့ရပြီး ကလေးငယ်များအပါအဝင် အခြားပြည်သူ (၅) ဦးထက်မနည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည့်အပြင် နေအိမ် (၅) လုံးလည်း မီးလောင်ပျက်စီးခဲ့ကြောင်း ကနဦး သိရှိရသည်။ ထို့ပြင် ကြောင်လည်ကျေးရွာတွင်လည်း အကြမ်းဖက်စစ်ကောင်စီ၏ လေယာဉ်ဖြင့် ဗုံးကြဲ၊ ပစ်ခတ် တိုက်ခိုက်မှုများကြောင့် ပြည်သူ့ဆေးရုံ၊ ဝန်ထမ်းအိမ်ရာ၊ ခန်းမနှင့် နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးကာ အခြားပြည်သူ (၇) ဦးခန့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ကနဦးသိရှိရသည်။

၃။ (၁-၂-၂၀၂၁) ရက်နေ့တွင် အကြမ်းဖက်စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း အကြမ်းဖက်စစ်ကောင်စီသည် (၃၁-၈-၂၀၂၂) ရက်နေ့အထိ ကျန်းမာရေးလုပ်သား (၅၈) ဦးကို နှိပ်စက်

သတ်ဖြတ်ခဲ့ပြီး ကျန်းမာရေးလုပ်သား (၇၀၀) ကျော်ကို ဖမ်းဆီးညှဉ်းပန်းခဲ့သည့်အပြင် ဆေးရုံ/ဆေးခန်း (၅၀) ကျော်နှင့် လူနာတင်ယာဉ် (၄၀) ကျော်ကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း တွေ့ရှိရပါသည်။ (https://insecurityinsight.org/country-pages/myanmar)

၄။ အကြမ်းဖက်စစ်ကောင်စီက ကျန်းမာရေးကဏ္ဍအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်နေခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်း (Geneva Conventions) နှင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် (၂၂၈၆) အပါအဝင် ပြည်တွင်းဥပဒေများနှင့် နိုင်ငံတကာဥပဒေများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်း ဖြစ်ပါသည်။

၅။ အကြမ်းဖက်စစ်ကောင်စီ၏ အဆိုပါအကြမ်းဖက်လုပ်ရပ်များကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနက ပြင်းထန်စွာ ရှုတ်ချလိုက်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဖြစ်နိုင်သည့် နည်းလမ်းမှန်သမျှဖြင့် ထိရောက်စွာ တားဆီးအရေးယူ ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

၆။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနသည် အကြမ်းဖက်စစ်ကောင်စီ၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသော ကျန်းမာရေးလုပ်သားများ၊ အပြစ်မဲ့ပြည်သူများ၏ မိသားစုများနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပြီး ဝန်ကြီးဌာနအနေဖြင့် အပြစ်မဲ့ကျဆုံးခဲ့ရသူများအတွက် တရားမျှတမှုကို မဖြစ်မနေ ပြန်လည်ရယူပေးမည်ဖြစ်ကြောင်း၊ အကြမ်းဖက်စစ်ကောင်စီနှင့်အတူ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ခဲ့သူများအားလုံးကို ပြည်သူ့တရားဥပဒေနှင့်အညီ ပြင်းထန်စွာ တုံ့ပြန်အရေးယူမည်ဖြစ်ကြောင်းနှင့် စစ်အာဏာရှင်စနစ် ကျရှုံးပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ပေါက်လာသည်အထိ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့်လက်တွဲ၍ အစွမ်းကုန် ကြိုးပမ်းတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကတိသစ္စာပြု ထုတ်ပြန်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ

https://moh.nugmyanmar.org/